# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၉ ရက်၊

(၂) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၂ ရက်၊

(၃) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၄) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၁ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၂ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၂ ရက်၊

(၉) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၂ ရက်၊

(၁၀) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂ ရက်၊

(၁၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၁၂) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၁၃) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၁၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၉ ရက်၊

(၁၅) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၁၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၁၇) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်နှင့်

(၁၉) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လယ်သမားများ အငြင်းပွားမှုကိစ္စတွင် အနိုင်ရရှိသူလယ်သမားများ အေးချမ်းစွာ ဆောင်ရွက်နိုင်ရေးနှင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများကို ကာကွယ်နိုင်ရန် ဥပဒေများ၊ နည်းဥပဒေများ အသစ်ပြဋ္ဌာန်းရန်နှင့် ပြင်ဆင်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် တောင်သူလယ်သမားများအကျိုးအတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါလယ်ယာမြေဥပဒေအရ လုပ်ပိုင်ခွင့်များနှင့် ခံစားပိုင်ခွင့်များလည်း ရရှိခဲ့ပါတယ်။ သို့သော်လည်း လယ်ယာမြေအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာတွင် ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ဥပဒေအရ လုပ်ပိုင်ခွင့်များ ဆုံးဖြတ်ပေးခဲ့ကြပါတယ်။ ရှုံးနိမ့်သူများသည် ဥပဒေအရ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးတို့ကိုသာ အယူခံဝင်ရောက်ရန်ဖြစ်ပါတယ်။ ရှုံးနိမ့်သူများသည် လူအုပ်ဖွဲ့၍ အနိုင်ယူပြီး အဓမ္မဝင်ရောက် ထွန်ယက်စိုက်ပျိုးကြတာကို တွေ့ရှိရပါတယ်။ ၎င်းတို့အဓမ္မဝင်ရောက် စိုက်ပျိုးခြင်းကြောင့် အနိုင်ရသူလယ်သမားများက လုပ်ပိုင်ခွင့်ရ စိုက်ပျိုးလုပ်ကိုင်ခြင်းအား အပြန်အလှန် တရားရုံးများတွင် တရားစွဲဆိုခြင်းကြောင့် ရုံးချိန်းများတွင် တစ်နှစ်နီးပါးစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် ကြုံတွေ့ခံစားနေရပါတယ်။ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဥပဒေအရ တားမြစ်ထုတ်ပြန်ချက်များ သုံးကြိမ်မှ လေးကြိမ်အထိ လိုက်နာခြင်းမရှိဘဲ တရားရှုံးသူက အဓမ္မဝင်ရောက် ထွန်ယက်စိုက်ပျိုးခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကိုပါ ထိခိုက်စေကြောင်း တွေ့မြင်ရပါတယ်။ ဥပဒေကို လိုက်နာနေသော

လယ်သမားများသည် တရားရုံးတွင်ရင်ဆိုင်ပြီး အနိုင်ရရှိပါလျက်နှင့် နောက်နှစ်မိုးတွင် ရှုံးနိမ့်သူက ထပ်မံ၍ အဓမ္မဝင် ရောက်ထွန်ယက်ခြင်းကြောင့် တရားစွဲဆိုရပြန်ပါတယ်။ လယ်သမားများသည် ဥပဒေမဲ့လုပ်ရပ်အပေါ် လယ်အတွက် တရားရုံးတွင်သံသရာလည်ပြီး ဘဝပျက်ခဲ့မှုများလည်း ရှိခဲ့ရပါတယ်။ တရားဥပဒေစိုးမိုးမှုနည်းပြီး နစ်နာမှုများ၊ ကုန်ကျမှုများဖြင့် ဒုက္ခရောက်နေခြင်းအား ဥပဒေအကာအကွယ်ပေးရန် လိုအပ်ပါကြောင်း လယ်ယာမြေဥပဒေနှင့် ကျေးရွာအုပ်ချုပ်ရေးဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါကြောင်း သုံးသပ်ရရှိပါတယ်။

သို့ဖြစ်ပါ၍ လယ်သမားများအကျိုးအတွက် အောက်ပါမေးခွန်းများ မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁) လယ်သမားများအငြင်းပွားမှုတွင် ရပ်/ကျေး၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်အရ အနိုင်ရဒီကရီရရှိထားသော လယ်ယာမြေတွင် ရှုံးသူလယ်သမားများက အဓမ္မဝင်ရောက်ထွန်ယက်ခြင်းအား မည်သို့တရားစွဲနိုင်ပါမည်နည်း။ မေးခွန်း(၂) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခြင်းသည် အချိန်တစ်နှစ်ကြာမြင့်ခြင်းကြောင့် နစ်နာမှုများအား မည်သို့ဆက်လက်အရေးယူဆောင်ရွက်ရမည်နည်း။ မေးခွန်း(၃) ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌ (အုပ်ချုပ်ရေးမှူး)၏တားမြစ်ချက်ကို လိုက်နာခြင်းမရှိလျှင် ထိရောက်ဟန့်တားသော မည်သည့်ဥပဒေအရ အရေးယူနိုင်မည်နည်း။ မေးခွန်း(၄) အနိုင်ဒီကရီရရှိသူ လယ်သမားထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် ထွန်ယက်စိုက်ပျိုးချိန်တွင် လုံခြုံရေးအကူအညီတောင်းခံလျှင် ခွင့်ပြုချက်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၅) လယ်သမားအငြင်းပွားမှုကိစ္စ များတွင် အနိုင်ရရှိသူလယ်သမားများအေးချမ်းစွာဆောင်ရွက်နိုင်ရေးနှင့် လူအုပ်စုဖွဲ့အနိုင်ကျင့်မှုများ ကာကွယ်နိုင်စေရန် ဥပဒေများ၊ နည်းဥပဒေများ အသစ်ပြဋ္ဌာန်းရန်နှင့် ပြင်ဆင်ရန်အစီအစဉ်ရှိ/မရှိသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီရဲ့ မေးခွန်းနဲ့

စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၃၀-၃-၂၀၁၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေ အမှတ်(၁၁)နဲ့ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ၃၁-၈-၂၀၁၂ ရက်နေ့မှာ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေ လယ်ယာမြေနည်းဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်နဲ့စပ်လျဉ်းလို့ အငြင်းပွားမှုတွေဖြစ်လာမယ်ဆိုလို့ရှိရင် လယ်ယာမြေဥပဒေ ပုဒ်မ ၂၂ အရ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလမှုခင်းဖွင့်လှစ်ပြီးတော့ စုံစမ်း စစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်ရမှာဖြစ်ပါတယ်။ ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလို့ရှိရင်တော့ လယ်ယာမြေဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့အရ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ အဆင့်ဆင့်အယူခံဝင်ရောက်နိုင်ပြီးတော့ ဒီဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသ ကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်က အပြီးအပြတ်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါ တယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၇-၅-၂၀၁၃ ရက်စွဲပါစာနဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကနေ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေလုပ်ပိုင် ခွင့်အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်တဲ့နေရာမှာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမထိခိုက်စေရေးနဲ့ ဒေသတွင်း တောင်သူလယ်သမားများအချင်းချင်း စည်းလုံးညီညွတ်မှုမပျက်ပြားစေရေးကို သတိပြု၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် အကြောင်းကြားထားရှိပါတယ်။ အငြင်းပွားမှုစစ်ဆေးနေဆဲ ကာလအတွင်းမှာ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ် ဆုံးဖြတ်ပေးရန်၊ အငြင်းပွားမှုပြီးဆုံး၍ အနိုင်ရရှိသူသည် လက်ရှိလုပ်ပိုင်ခွင့်ရရှိထားသူဖြစ်ပါက ထိုသူ အား ဆက်လက်လုပ်ပိုင်ခွင့်ပြုရန်နှင့် အနိုင်ရရှိသူသည် တိုင်ကြားသူဖြစ်ပါက စိုက်ပျိုးရာသီမမီခဲ့လျှင် နောက်တစ်ရာသီသီးနှံစိုက်ပျိုးချိန်တွင် လုပ်ကိုင်ခွင့်ရရှိစေရေးဆောင်ရွက်စေရန်၊ အငြင်းပွားမှုရှုံးသူ သည် အချင်းဖြစ်မြေပေါ်တွင် စိုက်ပျိုးမှုမရှိသေးဘဲ ထွန်ယက်ထားပြီးဖြစ်ပါက မြေယာထွန်ယက်စရိတ် ကို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဆုံးဖြတ်စေပြီး အမှုနိုင်သူက ပေးချေ၍ ဝင်ရောက် လုပ်ကိုင်စေရန်တို့ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ အရ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုမှာ လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့က ချမှတ်တဲ့အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခံရလျှင် ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိ ချမှတ်ရမည့်အပြင်

ငွေဒဏ်အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ် ငါးသိန်းအထိလည်း ချမှတ်နိုင်ပါတယ်။ ထို့အပြင် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမှာ ရှုံးနိမ့်သူလယ်သမားက ဒီလယ်ယာမြေအတွင်းမှာ အဓမ္မဝင်ရောက်ထွန်ယက်ပါက သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားနိုင်ပြီး ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ (ရာဇဝတ်မကင်းတဲ့ကျော်နင်းမှု)အရလည်းကောင်း၊ ထိုကဲ့သို့ ကျူးလွန်မှုက သီးနှံပျက်စီးဆုံးရှုံးမှု ဖြစ်ပါက သက်ဆိုင်ရာဥပဒေပုဒ်မ ၄၂၇ (အကျိုးဖျက်ဆီးမှု)အရလည်းကောင်း တရားစွဲဆိုနိုင်ပါတယ်။ သက်ဆိုင်ရာရဲစခန်းအနေနဲ့ အဆိုပါတိုင်ကြားချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေးပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နဲ့ အမှုဖွင့်ပြီးတော့ လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထားနဲ့ လိုအပ်သောသက်သေအထောက်အထားများ ပြည့်စုံစွာပြုစုရပါတယ်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိရဲ့ ဥပဒေအကြံပြုချက်ရယူပြီးတော့ သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲဆို ဆောင်ရွက်လျက်ရှိပါတယ်။ အမှုများ မြန်ဆန်သွက်လက်စွာပြီးပြတ်နိုင်ရေးအတွက် သက်ဆိုင်ရာရဲစခန်းများအနေနဲ့လည်း တရားရုံးများမှ ဆင့်ခေါ်သက်သေတွေကို စနစ်တကျဆင့်ဆိုပေးလျက်ရှိပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ နဲ့ တရားစွဲဆိုခြင်းဟာ ရာဇဝတ်မကင်းတဲ့ကျော်နင်းမှုအရသာ ဆောင်ရွက်ခြင်းဖြစ်ပြီးတော့ မြေယာပိုင်ဆိုင်မှုများနှင့် ပတ်သက်ခြင်းမရှိပါ။ ထိုကဲ့သို့ တရားစွဲဆိုပြီးနောက် အနိုင်ဒီကရီရရှိတဲ့ ကျူးကျော်ခံရသူအနေနဲ့ အချိန်၊ ငွေကြေးနဲ့ အကျိုးစီးပွားတွေ နစ်နာဆုံးရှုံးခဲ့မယ်ဆိုလို့ရှိရင်တော့ ဒီဆုံးရှုံးခဲ့မှုတို့ကို တရားမအမှုနဲ့ သက်ဆိုင်ရာတရားရုံးများသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမှာဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၃၉ မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်တွင် ပါဝင်သောအဖွဲ့များဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ ပါ အဓိပ္ပာယ်အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ဝတ္တရားအရ ဆောင်ရွက်ခြင်းကို ပြန်လည်၍တားဆီးခြင်း၊ လက်ရောက်ကျူးလွန်ခြင်း၊ ရာဇဝတ်မကင်းတဲ့ အနိုင်အထက်ပြုခြင်း ဆောင်ရွက်သူကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၃ အရ နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါတယ်။ ဒါ့အပြင် အဆိုပါဖြစ်စဉ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌအား အလိုအလျောက်နာကျင်မှုဖြစ်ပေါ်စေပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၂ အရလည်းကောင်း၊ အပြင်းအထန်နာကျင်စေမှုဖြစ်ပေါ်စေပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၃ အရလည်ကောင်း ထပ်မံပြီးတော့ တရားစွဲဆိုဆောင်ရွက်နိုင်ပါတယ်။

**မူကြမ်း**

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စတဲ့ရည်မှန်းချက် (၄) ရပ် ချမှတ်ထားရှိဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သက်ဆိုင်ရာနယ်မြေရဲစခန်းများအလိုက် လယ်ယာမြေလုံခြုံရေးစီမံချက်များ ရေးဆွဲထားရှိပြီးတော့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ရာ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးတဲ့အချိန်မှာ လုံခြုံရေးအကူအညီတောင်းခံလာမယ်ဆိုလို့ရှိရင်တော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လယ်သမားများ အေးချမ်းသာယာစွာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်ရေး လူအုပ်စုဖွဲ့ အနိုင်ကျင့်မှုများကို ကာကွယ်နိုင်ရေးများနှင့်စပ်လျဉ်းပြီးတော့ လယ်ယာမြေကျူးကျော်မှုများအတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ လူကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း ထိခိုက်နစ်နာစေသောပြစ်မှုများ ကျူးလွန်လာပါက ပြစ်မှုဆိုင်ရာဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေများဖြင့် ကာကွယ်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေ၊ နည်းဥပဒေအသစ်များ ပြဋ္ဌာန်းရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မြို့နယ်များတွင် အရက်လိုင်စင်စီကို မည်ကဲ့သို့ ခွင့်ပြုချထားပြီး အရက်ဆိုင်ဖွင့်လှစ်ရောင်းချရာ၌ ဥပဒေအရ မည်ကဲ့သို့ လိုက်နာဆောင်ရွက်မည်နှင့် အရည်အသွေးစံကို မည်သည့်အဖွဲ့အစည်းမှ မည်ကဲ့သို့ စစ်ဆေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း (ကျောင်းကုန်းမဲဆန္ဒနယ်) ။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာရေးခရီးလာရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မြို့နယ်များတွင် အရက်လိုင်စင်စီကို မြောက်မြားစွာ ခွင့်ပြုချထားတဲ့အတွက် ဒေသအနှံ့၊ ကျေးရွာအနှံ့ အရက်ဆိုင်များ မှိုလိုပေါက်နေသည်ကို တွေ့ရှိနေရပါတယ်။ လိုင်စင်စီအရ ရောင်းချသလို လိုင်စင်မဲ့များမှ လက်လီလက်ကား တွင်ကျယ်စွာရောင်းချနေသည်ကိုလည်း တွေ့ရှိနေရ

ပါတယ်။ တန်ဖိုးနည်းအရက်များမှာ အရည်အသွေးပြည့်ဝမှုမရှိဘဲ အန္တရာယ်ရှိနိုင်သည့် အရက်များ ဖြစ်နေပြီး သောက်သုံးသူအများစုမှာ အရက်ကြောင့် ရူးတူးကြောင်တောင်ဖြစ်ကုန်ကာ အသက်ငယ်ငယ်နဲ့ပင် သေဆုံးကြရသည်ကိုလည်း သိရှိနေရပါတယ်။ အရက်ကြောင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပေါ်ခြင်း၊ ရပ်ရွာများ၏ သာရေး၊ နာရေးကိစ္စများတွင် အရက်မပါလျှင်မပြီးသည့် အနေအထားရှိနေခြင်း၊ ရွာထဲရပ်ထဲ၌ ရာဇဝတ်မှုများ ဖြစ်ပေါ်လာနိုင်တဲ့အထိ ရှိနေကြပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းမှာဖြစ်ပါတယ်။ (၁) မြို့နယ်များတွင် အရက်လိုင်စင်စီကို မည်ကဲ့သို့ ခွင့်ပြုချထားသည်ကို သိရှိလိုပါတယ်။ (၂) အရက်ဆိုင်ဖွင့်လှစ်ရောင်းချရာ၌ ဥပဒေအရ မည်ကဲ့သို့ လိုက်နာဆောင်ရွက်ရမည်ကို သိရှိလိုပါတယ်။ (၃) အရည်အသွေးစံကို မည်သည့်အဖွဲ့အစည်းမှ မည်ကဲ့သို့စစ်ဆေးမည်၊ အရည်အသွေးမမီသော အရက်များရောင်းချပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခု ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ဖြေကြား သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်းကို ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၁၇ ခုနှစ်၊ ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာ၊ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ၊ ၁၉၂၉ ခုနှစ်၊ ယစ်မျိုးညွှန်ကြားချက် တို့နဲ့ ကိုင်တွယ်ကျင့်သုံးလျက်ရှိပါတယ်။ ၁၉၂၉ ခုနှစ်၊ မြန်မာနိုင်ငံတော် ယစ်မျိုးအမိန့်ဆင့်ဆိုချက်များအရ ယစ်မျိုးမူဝါဒ(၃)ရပ်ကို အောက်ပါအတိုင်း ချမှတ်ထားရှိပါတယ်။ အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊ သေရည်သေရက်ရောင်းချရာမှာ တရားဝင်ထုတ်လုပ်မှုရောင်းချမှုများမရှိစေဘဲ အရက်များပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြင့်ကောက်ခံရန်၊ မူးယစ်စေသော သေရည်သေရက်ကို ရောင်းချခြင်းမှာ အခွန်ငွေရရှိရန်အလို့ငှာသာမဟုတ်ဘဲ ၎င်းကို

သောက်စားသုံးစွဲခြင်း ခေါင်းပါးစေရန် သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံရသည်ဟု နှလုံးသွင်းရမည်။ ထို့အတူ ယစ်မျိုးအခြေခံမူ(၄)ချက်ကိုလည်း အောက်ပါအတိုင်း ချမှတ်ထားရှိပါတယ်။ (က) ပေါင်းဖိုဖြင့် ချက်လုပ်ခြင်းကို ဖြစ်နိုင်သမျှ ဖျက်သိမ်းပေးရန်။ (ခ) ဗဟိုအရက်ချက်စက်ရုံ တည်ထောင်ခြင်းလုပ်ငန်းကို တဖြည်းဖြည်းအားပေးသွားရန်။ (ဂ) ပြည်တွင်းဖိုထွက်ချက်အရက်ပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြင့်ကောက်ခံရန်၊ သို့ရာတွင် ပြည်ပမှတင်သွင်းလာသော အရက်ထက် မများစေရန်။ (ဃ) အရက်ဆိုင်အရေအတွက် ကန့်သတ်ထားရှိရန်။

၁၉၁၇ ခုနှစ် မြန်မာနိုင်ငံတော်ယစ်မျိုးအက်ဥပဒေပုဒ်မ ၆၅၊ ၁၉၂၈ ခုနှစ်၊ ယစ်မျိုးနည်းဥပဒေ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၆ တို့အရ ယစ်မျိုးလိုင်စင်ထုတ်ပေးခြင်း၊ ယစ်မျိုးများသယ်ဆောင်ခြင်း၊ ထားသိုခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာနည်းလမ်းများနဲ့ ရောင်းချခြင်းဆိုင်ရာစည်းကမ်းချက်များနဲ့ စပ်လျဉ်းလို့ ကြီးကြပ်စစ်ဆေးခြင်းများလည်း ပြဋ္ဌာန်းထားရှိပါတယ်။ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၈၉ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာနဲ့ ဘဏ္ဍာတော်မင်းကြီးရဲ့ လုပ်ပိုင်ခွင့်တွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အပ်နှင်းခြင်း၊ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များအား ခရိုင်အုပ်ချုပ်ရေးမှူးအား အပ်နှင်းခြင်းများနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ယစ်မျိုးလိုင်စင်လျှောက်ထားသူများအနေနဲ့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်၊ ရဲစခန်းရဲ့ထောက်ခံချက် ဘေးပတ်ဝန်းကျင်နေထိုင်သူများရဲ့ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်များနဲ့အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ လျှောက်ထားရမှာ ဖြစ်ပါတယ်။ ထို့နောက် ယစ်မျိုးဥပဒေ၊ နည်းဥပဒေနဲ့အညီ ညီညွတ်သော ယစ်မျိုးဆိုင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာ လေးဦးပါဝင်သော မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏ သဘောထားထောက်ခံချက်နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ အဆင့်ဆင့်တင်ပြစေပြီး ခွင့်ပြုချက်ရရှိသော ယစ်မျိုးဆိုင်များအား သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများကနေပြီးတော့ လိုင်စင်ထုတ်ပေးလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ လိုင်စင်အမျိုးပေါင်း ၄၁ မျိုး ပြဋ္ဌာန်းထားသော်လည်းပဲ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အမျိုးပေါင်း ၂၈ မျိုးကိုသာ ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ နှစ်စဉ် ယစ်မျိုးအစီအစဉ်အရ ခွင့်ပြုချက်များအနေနဲ့ ၂၀၁၁ ခုနှစ်မှာ လိုင်စင်အရေအတွက် ၄၁၃၀၃ ခုကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် ၄၁၂၉၃ ခုကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် ၄၁၂၆၃ ခုကိုလည်းကောင်း၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် ၄၁၂၁၀ ကိုလည်းကောင်း တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင်အရေအတွက်များကို လျှော့ချပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်တဲ့အရက်များကို ဖြန့်ဖြူးရောင်းချရာမှာ အရက်သောက်သုံးသူတွေကို ကျန်းမာရေးနဲ့ညီညွတ်တဲ့အရက်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ သောက်သုံးနိုင်ရန်အတွက် ထုတ်လုပ်တဲ့အရက်နမူနာများကို တစ်နှစ်မှာ အနည်းဆုံးတစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာန ဓာတုဗေဒစစ်ဆေးရေးဌာန၊ ဒါမှမဟုတ် ကျန်းမာရေးဝန်ကြီးဌာန ဇဟိုအစားအသောက်နဲ့ကွပ်ကဲရေးဦးစီးဌာနတို့မှ သောက်သုံးရန်သင့်/မသင့် စစ်ဆေးခံရန်နဲ့ သောက်သုံးရန် သင့်ကြောင်းထောက်ခံချက် ရရှိမှသာ အရက်များကို ဖြန့်ဖြူးရောင်းချစေလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ခွင့်ပြုထားတဲ့ အရက်ချက်စက်ရုံလိုင်စင် D-1 ၇၃ခု၊ ပေါင်းဖိုလိုင်စင် CS-2 ၃၈၉ ခုတို့ကို ဓာတုဗေဒစစ်ဆေးမှုခံယူစေခဲ့ပြီးတော့ စစ်ဆေးမှုခံယူခြင်းမရှိတဲ့ D-1 လိုင်စင်ခြောက်ခု၊ CS-2 လိုင်စင် ၂၁ခုတို့ကို အရက်ချက်လုပ်မှုကို ယာယီပိတ်သိမ်းခဲ့ပါတယ်။ ဓာတုဗေဒစစ်ဆေးမှုခံယူတဲ့ လိုင်စင်များအနက် စစ်ဆေးသည့်ဌာနမှ သောက်သုံးရန် အရည်အသွေး မပြည့်မီကြောင်း စစ်ဆေးတွေ့ရှိရပါက ထုတ်လုပ်ဖြန့်ဖြူးမှုကို ယာယီပိတ်ပင်ကာ ပြန်လည်စစ်ဆေးမှုကို ခံယူစေပါတယ်။ ထို့နောက် သောက်သုံးရန် သင့်တော်တဲ့ အရည်အသွေးရှိကြောင်း ထောက်ခံချက်ပြန်လည်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ထို့အပြင် ဈေးကွက်အတွင်းမှာ ရောင်းချနေတဲ့ ယစ်မျိုးများဟာ အများပြည်သူသောက်သုံးရန် သင့်လျော်တဲ့ ယမကာဖြစ်စေရန်အတွက် မြန်မာနိုင်ငံအစားအသောက်နဲ့ဆေးဝါးကွပ်ကဲမှုအဖွဲ့မှ စစ်ဆေးတဲ့နည်းလမ်းများအတိုင်း စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀ နဲ့ ၃၁ တို့မှာ တရားမဝင်ယစ်မျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နဲ့ ပတ်သက်ပြီးတော့ ပြစ်ဒဏ်နဲ့ငွေဒဏ်ကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ တရားမဝင်အရက်ပုန်းဆိုင်များ မရှိစေရေးနဲ့ အရည်အချင်းပြည့်မီတဲ့ အရက်များကိုသာ ရောင်းချနိုင်ရေးအတွက် ယစ်မျိုးလုပ်ငန်း စိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ သတင်းစုံစမ်း ဖော်ထုတ်ရေးအဖွဲ့ငယ်၊ တားဆီးနှိမ်နင်းရေးအဖွဲ့ငယ်များ ဖွဲ့စည်းပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးတရားစွဲဆိုဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အရက်ဆိုင်အရေအတွက်လျှော့ချရေး၊ အရက်ပုန်းဆိုင်များပပျောက်ရေး၊ လိုင်စင်ခွင့်ပြုချက်ရရှိထားသော ယစ်မျိုးဆိုင်များမှ သတ်မှတ်စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ အရက်များကိုသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးနဲ့စပ်လျဉ်းလို့ ယစ်မျိုးဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဝန်ကြီးဖြေသွားတဲ့ အနေအထားမှာ တော်တော်လေး အသေးစိတ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်သိချင်တဲ့ ဆက်စပ်မေးခွန်းကတော့ (၁) အရ မြို့နယ်များတွင် အရက်လိုင်စင်ကို မည်ကဲ့သို့ ခွင့်ပြုချထားတယ် ဆိုတာ ကျွန်တော်တို့ တစ်နှစ်ချင်း၊ တစ်နှစ်ချင်းလျှော့တာကို လိုင်စင်အရေအတွက်ကို မှတ်တဲ့အခါမှာ ဆယ်ဂဏန်းလောက်ပဲရှိပါတယ်။ ၂၀ လောက်ပဲရှိပါတယ်ဆိုတော့ ကျွန်တော်တို့မြို့နယ်တွေအနေနဲ့ တောင်မှ မြို့နယ်လေး ခပ်ကျဉ်းကျဉ်း မှာတောင်မှ CS 2A လိုဟာမျိုးမှာ ၁၅၀ လောက် ချထားပါတယ်။ အခြားအရက်တွေနဲ့ဆိုရင် ၁၈၀ လောက် ချထားပါတယ်။ ဒါ လူဦးရေတစ်သိန်းကျော်ကျော်လောက် မှာကို ဒီလောက်ကြီးများပြားတာရှိပါတယ်။ ကျန်တဲ့မြို့နယ်တွေလည်း အလားတူဖြစ်ပါလိမ့်မယ်။ အဲ့ဒီလိုပေးတဲ့အခါမှာ လျှောက်ထားမှုအပေါ်ကို ပေးတာလား။ သို့တည်းမဟုတ် လူဦးရေအရေ အတွက်ကို ချထားတာလား။ ဒါမှမဟုတ်လို့ရှိရင် နယ်မြေရဲ့အကျယ်အဝန်းနဲ့ ပေးတာလား။ ဒါမှမဟုတ် ရင် အဲ့ဒီဒေသမှာရှိတဲ့ သောက်သုံးများလာလို့ ပေးတာ လားဆိုတဲ့ အဲ့ဒါလေးကိုလည်း ကျွန်တော်တို့ သိချင်ပါတယ်။ နောက် (၂)အနေနဲ့ကတော့ အရက် ဆိုင်တွေကို ဖွင့်တဲ့အခါမှာ တည်နေရာလိုပါတယ်။ အဲ့ဒီတည်နေရာမှာ ကျွန်တော်တို့ သာသနာရေး အဆောက်အဦတွေ၊ ဘာသာ၊ သာသနာ အဆောက် အဦတွေ၊ စာသင်ကျောင်းတွေနဲ့ ဘယ်လောက်ကွာကွာမှာ အရက်ဆိုင်များ ဖွင့်လို့ရပါသလဲ။ အကွာအ ဝေး။ အဲ့ဒါလေးလည်း သိချင်ပါတယ်။ နောက်တစ်ခုကတော့ စောစောက ပတ်ဝန်းကျင်က ပြည်သူ တွေက ကန့်ကွက်ခြင်းမရှိဘူးဆိုရင် အဲ့ဒီအရက်ဆိုင်ဖွင့်တဲ့ သူတွေရဲ့ အိမ်နီးပတ်ဝန်းကျင်ကလူတွေက ကိုယ်တိုင်လက်မှတ်ရေးထိုးပြီးတော့ သဘောတူကြောင်းဆိုတဲ့အချက်ကော ရယူပါသလားဆိုတာ လည်း သိချင်ပါတယ်။ ဒါဟာ ဘာဖြစ်လို့လည်းဆိုတဲ့အခါကျတော့ တချို့က လက်မခံသော်လည်းပဲ ဒါလက်မှတ်အတုလိုဟာမျိုးတွေနဲ့ ကျွန်တော်တို့ လျှောက်ထားနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ လို့ ဆိုင်ဖွင့်တဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူတွေရဲ့ လိုလိုလားလား ထောက်ခံချက်ကိုရော ရယူမှုရှိ/မရှိဆိုတာ သိချင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အရည် အသွေးစံပေ့ါ။ အခု အရက်တွေကို ဘာဖြစ်လဲဆိုတော့ အဆီတွေကို ရောင်းချလိုက်ပါတယ်။ အဆီတွေကို လက်ရှိ သောက်သုံးသူတွေထံ ရောင်းချလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ လေ့လာထားသလောက်ကလည်း အရက်အဆီက အဓိကအားဖြင့် CS 2A တွေပါပဲ။ CS 2 တွေပါပဲ။ အရက်အဆီနဲ့ ရေနဲ့က မော်လီကျူးခြင်းလည်း မတူဘူး။ နောက်တစ်ခါ အဆီနဲ့ ရေနဲ့စပ်တဲ့အခါမှာလည်း အနည်းဆုံး ၄၈

နာရီလောက်ကို မွှေပြီးတော့မှ၊ အခိုးအငွေ့တွေ သေပြီးတော့မှ၊ သူတို့နှစ်ခု Mixed ဖြစ်ပြီးတော့မှ အန္တရာယ်ကင်းတဲ့အရက်လို့ ကျွန်တော်တို့ ကြားဖူးပါတယ်။ သို့သော်လည်းပဲ ချက်ချင်းအဆီတွေ ရောင်းတဲ့အခါမှာ မသိနားမလည်တဲ့သူတွေက ကိုယ်စပ်ချင်တဲ့အချိုးတွေနဲ့စပ်တယ်။ သင့်တဲ့ရေတွေနဲ့ စပ်တဲ့အခါကျတော့ တော်တော်များများက ဘာဖြစ်နေသလဲဆိုတော့ မူးယစ်ဆေးဝါးက တကယ့် ဘိန်းတို့၊ **Heroine** တို့ လူညွှန့်တုံးစေတယ်ဆိုတဲ့ဟာ လူနည်းစုလေးပါ။ တကယ်သုံးတဲ့ လူနည်းစု လေးပဲသုံးပါတယ်။ ဒီအရက်က တစ်နိုင်ငံလုံးဖြန့်နေတဲ့အခါကျတော့ ၅၀ ဖိုး ဝယ်လည်းရတယ်။ ၁၀၀ ဖိုးဝယ်လို့လည်းရတယ်။ အရည်အသွေးမမီတဲ့အခါကျတော့ လူတော်တော်များများက ငယ်ငယ်နဲ့ သေသွားကြတယ်။ ပြောရရင်တော့ အမှည့်တဝင်းဝင်း၊ အကင်းတဖြုတ်ဖြုတ်ဆိုတာ ဒီအရက်ပါပဲ။ အခု ဒါ ချက်အရက်တွေပါ။ ဒါကြောင့်မို့လို့ အဲ့ဒါနဲ့ပတ်သက်ပြီးတော့လည်း အောက်ခြေတွေမှာ ဒီနေ့အထိ ဘယ်လိုစစ်ဆေးဆောင်ရွက်နေတဲ့ အနေအထားလေးလည်း သိချင်ကြောင်း ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့မှ လျှောက်ထား တဲ့အပေါ်မှာလည်း ပေးပါကြောင်း ကျွန်တော် ဦးစွာတင်ပြလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ပဲ ကျွန်တော်ရဲ့ အဖြေမှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ယစ်မျိုးလိုင်စင်လျှောက်ထားသူတွေအနေနဲ့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်၊ ရဲစခန်းရဲ့ထောက်ခံချက်၊ ဘေးပတ်ဝန်းကျင်နေထိုင်သူများရဲ့ ကွက်ကန့်ရန်မရှိကြောင်း ထောက်ခံချက် ဒါတွေနဲ့အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယစ်မျိုးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ညီညွတ်တဲ့ယစ်မျိုးဆိုင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာလေးဦးပါဝင်တဲ့ မြို့နယ်ယစ်မျိုး အကြံပေးအဖွဲ့ရဲ့ သဘောထားထောက်ခံ ချက်နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)ကပဲ ဒီလျှောက်ထားမှုအပေါ် လိုင်စင်ခွင့်ပြုပေးတာ ဖြစ်ပါတယ်။ သောက်သုံးတဲ့လူအရေအတွက်တို့၊ လူဦးရေအရေအတွက်တို့အပေါ်မူတည်ပြီးတော့ ခွင့်ပြုပေးခြင်းမဟုတ်ကြောင်း တင်ပြလိုပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ကျွန်တော်တို့ ဒီဖွင့်တဲ့ဆိုင် တွေနဲ့ပတ်သက်ပြီးတော့ နေရာဖြစ်ပါတယ်။ ယစ်မျိုးဥပဒေ၊ ယစ်မျိုးနည်းဥပဒေ ၂၂ မှာဆိုလို့ရှိရင် အရက်ဝယ်ယူလိုသူတို့ ဝင်/ထွက်သွားလာခြင်း မပြုနိုင်လောက်အောင် မဖြစ်စေရ။ သို့သော်လည်း အများပြည်သူတို့ ရှုမြင်ရန် မသင့်လျော်သည့်နေရာတွင်လည်းကောင်း၊ ဆိုင်တွင်သောက်စားလျက်

ရှိသူတို့က ခရီးဖြတ်သန်းသွားလာသူတို့ကို အနှောက်အယှက်ဖြစ်စေမည့်နေရာများတွင်လည်းကောင်း၊ ၎င်းကဲ့သို့ လက်လီရောင်းချရန် ဆိုင်သစ်တစ်စုံတစ်ရာကို ဝန်ရှင်တော်မင်းကြီး၏ ခွင့်ပြုချက်မရရှိဘဲ ရန်ကုန်မြို့ဖြစ်သည့် ယစ်မျိုးဝန်ကြီးဌာန၊ ဝန်ကြီး၏ ခွင့်ပြုချက်မရရှိဘဲ အများပြည်သူတို့ဆိုင်ရာ ဈေး၊ အလုပ်ရုံ၊ သူနာရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စေတီပုထိုး သို့မဟုတ် အများပြည်သူတို့ ဆည်းကပ်ကိုးကွယ်ရာအခြားနေရာကဲ့သို့ နေရာများတွင်ဖြစ်စေ ဖွင့်ခွင့်မရှိစေရဆိုပြီးတော့ ဒါ ယစ်မျိုး ဥပဒေ ၂၂ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင်ကို ယစ်မျိုးဥပဒေ ၂၆ မှာလည်း ဒီဖွင့်လှစ်ရမယ့်အချိန် တွေနဲ့ ပတ်သက်ပြီးတော့မှ ဒီဖွင့်လှစ်ရမယ့်အချိန်ကို သူတို့သတ်မှတ်ထားတဲ့ အမျိုးအစားအလိုက် နေထွက်ချိန်ကနေ ည ၉ နာရီအထိ၊ နံနက် ၆ နာရီကနေ ည ၁၁ နာရီအထိ၊ နေထွက်ချိန်ကနေ ည ၆ နာရီအထိ ဒီလိုအချိန်တွေနဲ့ပါ ဥပဒေမှာ သတ်မှတ်ပေးထားပါတယ်။ ဒါကြောင့်မို့လို့ ဒီဖွင့်ခွင့်နဲ့ ပတ်သက်ပြီးတော့လည်း စာစောကအပိုဒ် ၁ မှာ ကျွန်တော်တင်ပြသလို ဘေးပတ်ဝန်းကျင်က ထောက်ခံချက် ဒီဥပဒေတွေနဲ့ကိုက်ညီတဲ့ လူတွေကိုပါ ခွင့်ပြုခြင်းသာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်ကိုယ်တိုင်သဘောတူညီထောက်ခံချက်နဲ့ ပေးတာလည်း စာစောက ကျွန်တော် အပိုဒ် ၁ မှာ တင်ပြထားပြီး ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်းရဲ့ ထောက်ခံချက်နဲ့မဟုတ်ဘဲနဲ့ ဘေးပတ်ဝန်း ကျင်နေထိုင်သူအားလုံးရဲ့ ထောက်ခံချက်နဲ့သာပေးကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်အရက်ဆီတွေနဲ့ပတ်သက်လို့ တင်ပြတဲ့ အနေအထားတွေရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ သတ်မှတ်ချက်မပြည့်မီတဲ့ အရက်နဲ့ပတ်သက်လို့ ရောင်းချမှုတွေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော် အထက်ကတင်ပြသလို အဖွဲ့တွေဖွဲ့ပြီးတော့မှ၊ စစ်ဆေးပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အဖွဲ့ တွေမှာ ကျွန်တော်တို့ အဖွဲ့သုံးဖွဲ့ စစ်ဆေးလျက်ရှိပါတယ်။ ဒီယစ်မျိုးလုပ်ငန်းစိစစ်ကြပ်မတ်ရေးအဖွဲ့ ငယ်၊ နောက်သတင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ တားဆီးနှိမ်နင်းရေးအဖွဲ့ငယ် ဒါတွေနဲ့သက်ဆိုင်ရာ ရောင်းချတဲ့အောက်ခြေအဆင့် ဆိုင်တွေကိုပါ သွားရောက်ပြီးတော့မှ၊ ဒါတွေစစ်ဆေးပြီးတော့မှ ဒီအဖွဲ့ ငယ်တွေက အတည်ပြုတဲ့သတင်းအချက်အလက်နဲ့ ဖမ်းဆီးပြီးတော့ အရေးယူခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

**ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က အဝေးပြေးလမ်းမကြီးများ ဖြစ်ကြသော AH-1,AH-2 လမ်းမဘေးများတွင် မူလကတည်းက မူလလမ်းမကြီးအကျယ်ပေ(၁၀၀) သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသောပြည်သူများအား ယခုအခါ လမ်းမကြီးအကျယ် ပေ(၂၃၀) သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေအသစ်အရ ကျူးကျော်ဟုသတ်မှတ်ပြီး တရားစွဲဆို အရေးယူအပြစ်ပေးခြင်းများရှိလာနိုင်သဖြင့် မူလကတည်းက တည်ရှိသော မြို့/ရွာ လမ်းမဘေးနေအိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးမြင့်စိုးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လာကြသူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ယခုအဆိုကိုတင်သွင်းရခြင်းမှာ အာဆီယံသဘောတူညီချက်အရ နိုင်ငံတော်အစိုးရမှ လမ်းမအကျယ်ကို ပေ ၂၃၀ သတ်မှတ်မည်ဖြစ်ရာ လက်ရှိမူလကတည်းက ပေ ၁၀၀ လမ်းမဘေးမှာ နေထိုင်ကြတဲ့ ပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့ကြားမှာ နားလည်မှု၊ လွဲမှားမှုများ မဖြစ်စေရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ကြိုတင်ကာကွယ်ဆောင်ရွက်ချက်ဖြင့် ဤအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ လမ်းမကြီးဥပဒေသစ်အရ ပေ ၂၃၀ သတ်မှတ်သည့်အတွက် နဂိုမူလကတည်းကနေထိုင်ကြသော ပေ ၁၀၀ လမ်းဘေးရှိ မြို့များ/ရွာများမှ ပြည်သူများအနေဖြင့် တရားစွဲဆိုခံရကာ ပြစ်ဒဏ်ကျခံရမည့်ဘေးကို စိုးရိမ်နေကြပါတယ်ခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အာဆီယံသဘောတူညီချက်များအရ လမ်းအကျယ်ကို စံချိန်စံညွှန်းကိုက်အောင် ပေ ၂၃၀ အဖြစ် သတ်မှတ်ရခြင်းမှာလည်း နိုင်ငံတကာစာချုပ်ကို လိုက်နာဆောင်ရွက်ရခြင်းဖြစ်သည်ကို နားလည်ပါကြောင်း၊ သို့ရာတွင်

ယခု သတ်မှတ်သည့် AH-1,AH-2 လမ်းမကြီးဘေးများမှာ မူလက ပေ ၁၀၀ သာရှိပါတယ်ခင်ဗျား။ အဲ့ဒီ ပေ ၁၀၀ ရဲ့ဘေးမှာနေထိုင်ကြတဲ့ ပြည်သူတွေဟာ အဆောက်အဦတွေခိုင်မာစွာဆောက်လုပ်ပြီးတော့ နေထိုင်ခဲ့တာဟာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် လမ်းမကြီးဥပဒေသစ်အရ တရားစွဲဆိုခံရမှာကို စိုးရိမ်ပြီးတော့ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးထံ ပြည်သူများမှလာရောက်တင်ပြသဖြင့် ဤအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ သို့ရာတွင် ကျွန်တော့်အနေနဲ့ တောင်းဆိုတင်ပြသည်မှာ လမ်းမကြီးဥပဒေထွက်ပြီးနောက်ပိုင်း လမ်းဇရိယာ ပေ ၂၃၀ အတွင်းမှာ ထပ်မံတည်ဆောက်မှုနဲ့ ကျူးကျော်မှုများကိုတော့ အကာအကွယ်ပေးရန် တင်ပြခြင်း မဟုတ်ပါခင်ဗျား။

နောက်တစ်ချက်ဆွေးနွေးတင်ပြလိုသည်မှာ AH-1,AH-2 အနေနဲ့ ကျယ်ပြန့်တဲ့လမ်းတွေရရှိဖို့အတွက် မြို့များကိုဖြတ်သန်းမသွားဘဲနဲ့ မြို့ရှောင်လမ်းများဖောက်လုပ်သင့်ပါကြောင်းလည်း တင်ပြဆွေးနွေးအပ်ပါတယ်။ ဒါမှလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပြည်သူတွေကြားထဲမှာ အဆင်ပြေသွားမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တင်သွင်းလိုတဲ့အဆိုမှာ အဝေးပြေးလမ်းမကြီးများဖြစ်သော AH-1,AH-2 လမ်းမဘေးများတွင် မူလကတည်းက လမ်းမကြီးအကျယ် ပေ ၁၀၀ သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသော ပြည်သူများအား လမ်းမကြီးအကျယ် ပေ ၂၃၀ သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေအသစ်အရ ကျူးကျော်ဟုသတ်မှတ်ပြီးတော့ တရားစွဲဆိုအရေးယူအပြစ်ပေးခြင်းများ ရှိလာနိုင်သဖြင့် မူလကတည်းကတည်ရှိသော မြို့/ရွာလမ်းမဘေးနေအိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ အဆိုရှင် ဦးမြင့်စိုးက အဝေးပြေးလမ်းမကြီးများဖြစ်ကြသော AH-1,AH-2 လမ်းမဘေးများတွင် မူလကတည်းက မူလလမ်းမကြီးအကျယ် ပေ ၁၀၀ သတ်မှတ်ချက်ဘေးတွင်နေထိုင်ကြသော ပြည်သူများအား ယခုအခါ

လမ်းမကြီးအကျယ် ပေ ၂၃၀ သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေအသစ်အရ ကျူးကျော်ဟုသတ်မှတ်ပြီး တရားစွဲဆို အရေးယူအပြစ်ပေးခြင်းများရှိလာနိုင်သဖြင့် မူလကတည်းကတည်ရှိသော မြို့/ရွာလမ်းမဘေးနေ အိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံသားများ၏ နေအိမ်၊ ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုအတွက် ဥပဒေအရ ကာကွယ်ပေးရမည်ဟု ပါရှိပြီးဖြစ်တဲ့အတွက် ဦးမြင့်စိုး တင်သွင်းသောအဆိုအား ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီက လေးစားစွာထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှင်းလင်းဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမေးမြန်းထားတဲ့ အဝေးပြေးလမ်းမကြီးများဖြစ်ကြတဲ့ AH-1, AH-2 လမ်းမဘေးများတွင် မူလကတည်းက မူလလမ်းမကြီးအကျယ် ပေ ၁၀၀ သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသော ပြည်သူများအား ယခုအခါ လမ်းမကြီးအကျယ် ပေ ၂၃၀ သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေအသစ်အရ ကျူးကျော်ဟု သတ်မှတ်ပြီး တရားစွဲဆိုအရေးယူအပြစ်ပေးခြင်းများ ရှိလာနိုင်သဖြင့် မူလကတည်းက တည်ရှိသော မြို့/ရွာလမ်းမဘေးနေအိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံ/အာရှ လမ်းမကြီးများအား မူလက လမ်းနယ်နိမိတ်ကို ၃၀၀ ပေ သတ်မှတ်ခဲ့သော်လည်း တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ လမ်းနယ်နိမိတ်များကို ASIAN, ASEAN & GMS Road Standard & Class များနဲ့အညီ သတ်မှတ်ဆောင်ရွက်

မှာဖြစ်တဲ့အတွက် အာဆီယံ/အာရှလမ်းမကြီးများရဲ့ နယ်နိမိတ်ကို ၂၃၀ ပေ (70m) သတ်မှတ်ရန် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၄) မှာ သဘောတူအတည်ပြု သတ်မှတ်ခဲ့ပါတယ်။ လမ်းနယ်နိမိတ်သတ်မှတ်ချက်နဲ့ပတ်သက်ပြီး ၅-၃-၂၀၁၄ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ တင်ပြခဲ့တဲ့အချက်မှာ ပါဝင်တဲ့ လမ်းမကြီးများဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ ၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏နယ်နိမိတ်ကိုသတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ်အဆောက်အအုံများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့်အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။ တင်ပြပါအချက်များအပါအဝင် လမ်းမကြီးများဥပဒေ ပြင်ဆင်ချက်ဥပဒေအသစ်အား ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့ပြီး ၂၄-၇-၂၀၁၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အာဆီယံ/အာရှလမ်းမကြီးများအား လမ်းနယ်နိမိတ်ကို ပေ ၂၃၀ သတ်မှတ်ထားသော်လည်း မူလကတည်းက ပေ ၁၀၀ အကျယ်သာရှိတဲ့ မြို့တွင်းလမ်းများအတွက် လမ်းမကြီးများဥပဒေပြင်ဆင်ချက် ပုဒ်မ ၁၀ ပုဒ်မခွဲ(က)ပါ အချက်များအရ မူလကတည်းက တည်ရှိခဲ့သော မြို့/ရွာလမ်းမဘေးနေအိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမပြုဘဲ အဆိုပါ ဥပဒေ အတည်ပြုပြီးရက်နောက်ပိုင်း ကျူးကျော်ဆောက်လုပ်လာတဲ့ အဆောက်အဦများကိုသာ လမ်းမကြီးများဥပဒေအရ အရေးယူသွားမှာဖြစ်တဲ့အကြောင်း တင်ပြရင်း ကိုယ်စားလှယ်တော်ကြီး တင်သွင်းတဲ့အဆိုအား မှတ်တမ်းတင်ထားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထား ပြောကြားဆွေးနွေးပေးပါ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူတွေက စိုးရိမ်နေတာဖြစ်တဲ့အတွက်ကြောင့်၊ အာမခံလည်းရစေချင်တဲ့အတွက်ကြောင့် လွှတ်တော်အဆုံးအဖြတ်ကိုပဲ ခံယူပါမယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရဲ့အဆုံးအဖြတ်ဆိုတာက ခုနက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနက ပြောသွားပါတယ်။ ဒီအဆိုကို မှတ်တမ်းတင်ထားရှိဖို့ ဒီလို ပြန်လည်ဆွေးနွေးသွားတဲ့အတွက် မှတ်တမ်းတင်ထားရှိမှုကို ဦးမြင့်စိုးအနေနဲ့ လက်ခံနိုင်ခြင်းရှိ/မရှိမေးမြန်းခြင်းဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ကတော့ မှတ်တမ်းတင်တာထက် နောင်လာမယ့်အဆက်ဆက်အထိ ခိုင်မြဲအောင်၊ ပြည်သူတွေစိတ်ချရအောင်လို့ ကင်းလွတ်ခွင့်ပေးဖို့ တိုက်တွန်းတဲ့အဆိုကို ဒီမှာ ကျွန်တော်တို့လည်း သိချင်ပါတယ်ခင်ဗျ။ ကျွန်တော်ကလည်း နောက်ထပ် ကျူးကျော်တဲ့သူကိုတော့ မဆိုလိုပါဘူး။ လက်ရှိ ရှိပြီးသားလူတွေက သူတို့စိတ် စိုးရိမ်နေလို့ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က အဝေးပြေးလမ်းမကြီးများဖြစ်ကြသော AH-1။ AH-1 ဆိုတာက A က A for ASIA, H က High Way, ASEAN High Way (1) နှင့် ASEAN High Way (2) လမ်းမဘေးများတွင် မူလကတည်းက မူလ လမ်းအကျယ် ပေ ၁၀၀ သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသောပြည်သူများအား ယခုအခါ လမ်းမ ကြီးအကျယ်ပေ ၂၃၀ သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေအသစ်အရ ကျူးကျော်ဟုသတ်မှတ်ပြီး တရား စွဲဆိုအရေးယူအပြစ်ပေးခြင်းများ ရှိလာနိုင်သဖြင့် မူလကတည်းက တည်ရှိသော မြို့/ရွာလမ်းမဘေးနေ အိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမှကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအား တိုက် တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံဆန္ဒမဲ ၁၂၅ မဲ၊ ကန့်ကွက်မဲ ၁၈၆ မဲ၊ ကြားနေမဲ ၁၉ မဲ။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးမြင့်စိုးတင်သွင်းတဲ့ အဝေးပြေးလမ်းမများဖြစ်သော AH-1 , AH-2 လမ်းမဘေးများတွင် မူလကတည်းက မူလလမ်းမ အကျယ်ပေ ၁၀၀ သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသောပြည်သူများအား ယခုအခါ လမ်းမကြီး အကျယ် ပေ ၂၃၀ သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေအသစ်အရ ကျူးကျော်သည်ဟုသတ်မှတ်ပြီး တရားစွဲဆိုအရေးယူအပြစ်ပေးခြင်းများ ရှိလာနိုင်သဖြင့် မူလကတည်းက တည်ရှိသော မြို့/ရွာလမ်းမ ဘေးနေအိမ်ခြံဝင်းများအား တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို။ ဒီမှာပြန်ပြီးတော့ စဉ်းစားဖို့ ရှိပါတယ်။ မဲကတော့ပေးပြီးသွားပြီ။ ဘာစဉ်းစား ဖို့လိုလည်းဆိုတော့ ခုနက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကနေ ဆွေးနွေးသွားတာ ဒီအဆိုမှာ

ပါတဲ့အချက်နဲ့ပတ်သက်ပြီးတော့ အစိုးရအဖွဲ့ကကော၊ လွှတ်တော်ဘက်ကကော ဆုံးဖြတ်ထားပြီး ဖြစ်တယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ထားရှိပါဆိုတာကိုလည်း ဆွေးနွေးသွားတာဖြစ်ပါတယ်။ အခုလို မဲခွဲဆုံးဖြတ်လိုက်တဲ့အခါမှာ မူလဥပဒေက သတ်မှတ်ဆောင်ရွက်ထားတဲ့ကိစ္စကို လွှတ်တော်က နေပြီးတော့ ဒီအဆိုအတည်မဖြစ်ဘူးဆိုရင် အဓိပ္ပာယ်တွေ အမျိုးမျိုးဖြစ်ပြီးတော့ ရှေ့နောက်ကွဲလွဲ သွားနိုင်တဲ့အနေအထားရှိပါတယ်။ သဘောပြောရမယ်ဆိုရင် ဒီအဆိုဟာ အလိုအလျောက်တည်းက ရှိပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုတင်သွင်းတဲ့လူကလည်း ဒီလိုသဘောပေါက်အောင်တင်ပြ ဖို့လိုပါတယ်။ ဒီအတိုင်းပဲ ရှင်းလင်းတော့လည်း ရှင်းလင်းပြီး ဖြစ်သွားပါတယ်။ အဆိုကိုနားထောင် တဲ့အခါမှာ ဒီဟာတွေအတွက်ကတော့ ဥပဒေအရသတ်မှတ်ပေးပြီးပြီ။ တကယ်အဆို ဆိုတဲ့အခါ ကျတော့ ဒါမဟုတ်ဘဲနဲ့ မြို့ရှောင်လမ်းတွေဖောက်လုပ်ပေးပါဆိုတဲ့သဘော သက်ရောက်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုတင်တဲ့အခါမှာ မိမိအဆိုရဲ့ရည်ရွယ်ချက် တိတိကျကျပါဖို့လိုတယ်။ တိတိကျကျဆွေးနွေးဖို့လိုတယ်။ ပြဋ္ဌာန်းထားတဲ့ဥပဒေကို ကျွန်တော်တို့ပြည်သူ့လွှတ်တော်က တင်လိုက် တဲ့အဆိုပေါ် မူတည်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ဥပဒေကိုဆန့်ကျင်ရာရောက်တဲ့ကိစ္စမျိုးဟာ လက်တွေ့မှာ မဖြစ်သင့်ဘူး။ သဘောတရားကလည်း မဖြစ်သင့်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် ပြန်ပြီးတော့ မေးမယ်။ ခုနကတော့ မဲခွဲပြီးပြီ။ ဒါပေမယ့်လို့ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တူထု ပြီးတော့ ဆုံးဖြတ်ချက် ကျွန်တော်မချပေးချင်သေးဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနက အဆိုပေါ် မူတည်ပြီး တော့ ဆွေးနွေးသွားတာက ဒီအဆိုအရဆောင်ရွက်ထားတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းထားရှိပေးပါ။ မှတ်တမ်းထားရှိတယ်ဆိုလို့ရှိရင် ခုနက အဆိုမှာပါတဲ့ တရားစွဲဆိုအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းဆိုတာ ပါပြီးသားဖြစ်နေပါတယ်။ ဆွေးနွေးသွားတဲ့အခါမှာ နားထောင်တာက သို့သော်လည်း ပြည်သူတွေကစိုးရိမ်တဲ့အတွက် နောင်ကျလို့ရှိရင် မြို့တွင်းကဖြတ် သွားတဲ့လမ်းတွေကို မြို့ရှောင်ကွင်းပြီးတော့ လမ်းအဖြစ်ဖောက်လုပ်ပေးတာကို ရည်ရွယ်တယ်လို့ ဒီလို သဘောသက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ကို ပြန်မေးမယ်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနက ဒီအဆိုကိုမှတ်တမ်းတင်ထားရှိမယ်ဆိုတာက ဥပဒေအရတာဝန်ခံပြီးတော့ ဆောင်ရွက် ထားတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့သဘောထားထပ်ပြောပါ။ ဒီအပေါ်မှာ မူတည်ပြီးတဲ့ အခါမှာလည်း လွှတ်တော်ကိုယ်စားလှယ်များကလည်း အဆိုရှင်ဆိုထားတဲ့အဆိုပေါ်ကြည့်ပြီးတော့ပဲ ဆုံးဖြတ်ပေးဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များပီပီ အဆိုရှင်ကဘာတွေဆိုထားလဲ၊ ဘယ်လို

အကျိုးသက်ရောက်နိုင်သလဲ၊ ဒီလိုပဲ မဲပေးဖို့လိုပါမယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ပြန်ပြီးတော့ ဆွေးနွေးပေးပါ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)။** ။ စာစာက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကင်းလွတ်ခွင့်ပေးဖို့အတွက် ဥပဒေထဲမှာလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက်ကြောင့် ဆောင်ရွက်ပေးမယ်ဆိုတာလည်း စာစာက ဝန်ကြီးကလည်းပြောသွားပါတယ်။ ဒါ့ကြောင့် မှတ်တမ်းတင်ထားဖို့လည်း ဝန်ကြီးကပြောသွားပါတယ်။ အဲ့ဒီမှတ်တမ်းတင်ထားမယ့်ကိစ္စကို ကျွန်တော့်အနေနဲ့ လက်ခံသဘောတူပါတယ်။ ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ထားရှိဖို့ ဆုံးဖြတ်ပေးဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြီးခဲ့တဲ့ စက်ခလုတ်မဲဆန္ဒပေးထားမှုကို ပြန်လည်ရုပ်သိမ်းပါတယ်။ ဆက်လက်ပြီးတော့ လွှတ်တော်ကို ကျွန်တော်တင်ပြပါ့မယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးကထောက်ခံပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကလည်း ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူသွားမှာဖြစ်ပါတယ်။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့ အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးမြင့်စိုးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော အမြန်လမ်းမကြီးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီကအစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော အမြန်လမ်းမကြီး

ဥပဒေကို ၁၀-၂-၂၀၁၅ ရက်နေ့မှာ လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်း မိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်များနှင့်ပေးပို့လာသော အမြန်လမ်းမကြီး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော အမြန်လမ်းမကြီးဥပဒေကြမ်းကို ၄-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းခဲ့ပြီး ၁၀-၂-၂၀၁၅ ရက်နေ့ အမျိုးသား လွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန်ပေးပို့လာပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအတိုင်း အမြန် လမ်းမကြီးဥပဒေကြမ်းကို ရေးဆွဲခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်-

(က) အမြန်လမ်းမကြီးများကိုတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် မော်တော်ယာဉ်များသွားလာမှုကိုစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြုခ ကောက်ခံခြင်းတို့အား စနစ်တကျဆောင်ရွက်နိုင်ရန်၊

(ခ) အမြန်လမ်းမကြီးအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှုနှင့် သက်ဆိုင်သောကိစ္စများအား စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) အမြန်လမ်းမကြီးများကို အသုံးပြု၍ လူနှင့်ကုန်စည်များတစ်နေရာမှ တစ်နေရာသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စွာပို့ဆောင်နိုင်ခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်

သက်သာကာနိုင်ငံတော်၏ လူမှုစီးပွားဘဝတိုးတက်ပြီး ပြည်သူများလူနေမှု အဆင့်အတန်းမြင့်မားလာစေရန်၊

(ဃ) အမြန်လမ်းမကြီးများကို ဒေသတွင်းနိုင်ငံများ၏ အမြန်လမ်းမကြီးများနှင့် ကွန်ရက်ချိတ်ဆက်ခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးမြှင့်ဆောင်ရွက်နိုင်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၂-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီလေ့လာစိစစ်ခဲ့ရာတွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက် အစီရင်ခံစာ စာမျက်နှာ ၈ မျက်နှာနှင့်အတူ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၇ မျက်နှာတို့ကို လွှတ်တော်သို့ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် လွှတ်တော်၏ အချိန်အရ ဖတ်ကြားခြင်းမပြုတော့သည်ကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း ၃၅ ခုပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၁) ချက်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကသဘောတူလက်ခံပါသည်။

(၃) ဥပဒေခေါင်းစီးရှိ အမြန်လမ်းမကြီးဥပဒေစကားရပ်ကို အမြန်လမ်းမကြီးများဥပဒေဟုလည်းကောင်း၊ ၂၀၁၄ ခုနှစ် စကားရပ်အား ၂၀၁၅ ခုနှစ် ဟုပြင်ဆင်ပါသည်။

(၄) ဥပဒေ၏အမည်ကို အမြန်လမ်းမကြီးများဥပဒေဟု ပြင်ဆင်သဖြင့် ဤဥပဒေကြမ်းရှိ အမြန်လမ်းမကြီးစကားရပ်ကိုအမြန်လမ်းမကြီးများဟုအသီးသီးပြင်ဆင်ပါသည်။

(၅) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (က) ကိုနိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်ဟုအသစ်ဖြည့်စွက်ပါသည်။

(၆) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (င) ကိုအပိုဒ်ခွဲ (ဇ) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ကူးပြောင်းဝင်ထွက်သွားလာနိုင်ရန် စကားရပ်ကိုမော်တော်ယာဉ်များ ကူးပြောင်းဝင်ထွက်သွားလာနိုင်ရန်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ကိုအပိုဒ်ခွဲ (ဈ) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ လမ်းတည်ဆောက်ရေးအတွက် စကားရပ်ကိုလမ်းဖောက်လုပ်ရေးအတွက်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကိုအပိုဒ်ခွဲ(ည)အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ကိုလမ်းပခုံး ဆိုသည်မှာ ယာဉ်သွားလမ်း၏ တစ်ဘက်တစ်ချက်စီ၌ရှိပြီး လမ်းတာပေါင်ပေါ်တွင် မော်တော်ယာဉ် အရေးပေါ်ရပ်နားနိုင်ရန်နှင့် လမ်းမပျက်စီးစေရန် ထိန်းသိမ်းထားသောအစိတ်အပိုင်း ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ကိုအပိုဒ်ခွဲ (ဋ) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိလမ်းဆိုင်းဘုတ် ဆိုသည်မှာ အမြန်လမ်းမကြီးတစ်လျှောက်နှင့် လမ်းဆုံ၊ လမ်းခွဲများတွင် အကွာအဝေး သိရှိစေရန်ဖော်ပြထားသည့် ဆိုင်းဘုတ်၊ လမ်းညွှန် ဆိုင်းဘုတ်၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ်စေရန် သတိပေးဆိုင်းဘုတ်နှင့် စည်းကမ်းတကျမောင်းနှင့် သွားလာ နိုင်ရေးအတွက် တားမြစ်ချက်ဆိုင်းဘုတ်များကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ်၂ အပိုဒ်ခွဲ(ည)ကိုအပိုဒ်ခွဲ (ဍ) အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ရှိဆိုသည်မှာ စကားရပ် ကိုဆိုရာတွင်ဟုလည်းကောင်း၊ ပါဝင်သည့်အစုအဖွဲ့ကိုဆိုသည့်စကားရပ်ကိုပါဝင်သည်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဋ) ကို အပိုဒ်ခွဲ (ခ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲကို အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင် ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ)ကို အပိုဒ်ခွဲ (ဎ) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲကို အမြန် လမ်းမကြီးအုပ်ချုပ်မှုကော်မတီဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသောအမြန် လမ်းမကြီးအုပ်ချုပ်မှုအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၃) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (က) ရှိ တည်ဆောက်ခြင်းစကားရပ်ကို ဖောက်လုပ်ခြင်း ဟုပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) ရှိ အမြန်လမ်းမကြီး စကားရပ်ကို အမြန်လမ်းမကြီးများကိုဟု ပြင်ဆင်ပါသည်။

(၁၅) အခန်း (၃) အပိုဒ် ၄ ရှိ အမြန်လမ်းမကြီးများဆိုင်ရာ စကားရပ်ကို အမြန်လမ်းမကြီး များနှင့်စပ်လျဉ်း၍ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၄ အပိုဒ်ခွဲ (င) ရှိ စသည်တို့နှင့်စပ်လျဉ်း၍ စကားရပ်ကို အခြားလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၄ အပိုဒ်ခွဲ (စ) ရှိ စသည့် စကားရပ်ကို အပါအဝင်ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၅ အပိုဒ်ခွဲ (က) ရှိ အမြန်လမ်းမကြီးများအဖြစ် စကားရပ်ကို အမြန်လမ်းမကြီး အဖြစ်ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများစကားရပ်ကို အစိုးရမဟုတ် သောအဖွဲ့အစည်းများဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၅ အပိုဒ်ခွဲ (စ) ရှိ တိုးချဲ့ခြင်းများ စကားရပ်ကို တိုးချဲ့ခြင်းတို့ဟုလည်းကောင်း၊ ဖယ်ရှားခြင်းများကို စကားရပ်ကို ဖယ်ရှားခြင်းတို့ကိုဟုလည်းကောင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းစကားရပ်ကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၅ အပိုဒ်ခွဲ (ဆ) ရှိ လိုအပ်သည့် စက်ကိရိယာပစ္စည်းများကို စကားရပ်အား လိုအပ်သည့်ယာဉ်ယန္တရားနှင့် စက်ကိရိယာပစ္စည်းများကို ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၅ အပိုဒ်ခွဲ (ဇ) ရှိ နည်းပညာဖလှယ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စကားရပ်ကို နည်းပညာဖလှယ်ခြင်းနှင့် အထောက်အပံ့အကူအညီရရှိရေးဆိုင်ရာဟု ပြင်ဆင်ပါ သည်။

(၂၃) အပိုဒ် ၆ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၆။ ဝန်ကြီးဌာနသည်-

**မူကြမ်း**

(ဣ) ပြည့်စုံကောင်းမွန်သောလမ်းကွန်ရက်ဖြစ်ပေါ်စေရေး၊ အမြန်လမ်းမကြီးစီမံကိန်းများ အကောင်အထည်ဖော်ရန် အမြန်လမ်းမကြီးများအုပ်ချုပ်မှုကော်မတီကိုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ လက်အောက်တွင် ဖွဲ့စည်းနိုင်သည်။

(၂၄) အပိုဒ် ၆ အပိုဒ်ခွဲ (ခ) ရှိပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စကားရပ်ကို ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်များဟုလည်းကောင်း၊ တာဝန်ရှိအရာထမ်းများစကားရပ်ကို သက်ဆိုင်ရာအရာထမ်းများဟုလည်းကောင်း၊ ဖွဲ့စည်းရမည်စကားရပ်ကိုဖွဲ့စည်းနိုင်သည်ဟုပြင်ဆင်ပါသည်။

(၂၅) အခန်း (၄) ခေါင်းစဉ်ကိုပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟုပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၇ ရှိလုပ်ငန်းတာဝန်နှင့် စကားရပ်ကိုတာဝန်နှင့်ဟုပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၇ အပိုဒ်ခွဲ (ခ)ကိုအမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများအဆင့်မြှင့်တင်ခြင်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည်စီမံချက်များ၊ ဘဏ္ဍာရေးနှင့်လုပ်ငန်းအစီအစဉ်များရေးဆွဲတင်ပြခြင်းဟုပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၇ အပိုဒ်ခွဲ (င) ရှိရှင်းလင်းခြင်းစကားရပ်နောက်တွင် အများပြည်သူသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်စီစဉ်ဆောင်ရွက်ခြင်း စကားရပ်ဖြည့်စွက်ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၇ အပိုဒ်ခွဲ (စ) ကိုသက်ဆိုင်ရာအမြန်လမ်းမကြီးများ၏ လမ်းအသုံးပြုခနှုန်းထားများကိုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ကြေညာခြင်းဟုပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၇ အပိုဒ်ခွဲ (ဆ) ကိုအမြန်လမ်းမကြီးများ၏ လမ်းအကျယ်၊ လမ်းပခုံးအကျယ်၊ လမ်းနယ်အကျယ်သတ်မှတ်ချက်ကိုကြေညာခြင်းနှင့် သက်ဆိုင်ရာအမြန်လမ်းမကြီး၏အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှုရှိမရှိစိစစ်ကြီးကြပ်ခြင်းဟုပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၇ အပိုဒ်ခွဲ (ည) ရှိအရေးယူခြင်းစကားရပ်ကိုအရေးယူစေရန် ဆောင်ရွက်ခြင်းဟုပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၇ အပိုဒ်ခွဲ (ဍ) ကိုအပိုဒ် ၄ အပိုဒ်ခွဲ (ဆ) အဖြစ် ပြောင်းရွှေ့ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၇ အပိုဒ်ခွဲ (ဎ) ကိုအပိုဒ်ခွဲ (ဍ) အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ဍ) အမြန်လမ်းမကြီးများ၌ ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃၄) အပိုဒ် ၇ အပိုဒ်ခွဲ (ဎ) အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည်-

(ဎ)အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီဆိုသည်မှာဤဥပဒေအရဖွဲ့စည်းထားသော အမြန်လမ်းမကြီးများအုပ်ချုပ်မှုအဖွဲ့ကိုဆိုသည်။

(၃၅) အခန်း (၅) အပိုဒ် ၈ ကိုအမြန်လမ်းမကြီးများကိုအသုံးပြုရာတွင် အောက်ပါစည်းကမ်းများကိုလိုက်နာရမည်ဟုပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၈ အပိုဒ်ခွဲ (က) ကိုပယ်ဖျက်ပါသည်။

(၃၇) အပိုဒ် ၈ အပိုဒ်ခွဲ (ခ) ကိုအမြန်လမ်းမကြီး၏ တစ်ဘက်မှ အခြားတစ်ဘက်သို့ ဖြတ်သန်းသွားလာရာတွင် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာခြင်းဟုပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၈ အပိုဒ်ခွဲ (ဂ) ကိုအပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၉ ရှိအမြန်လမ်းမကြီးပေါ်တွင် စကားရပ်ကိုအမြန်လမ်းမကြီးပေါ်၌ဟုလည်းကောင်း၊ အခြားမောင်းနှင်သည့် မော်တော်ယာဉ်များသည်- စကားရပ်ကို အခြားမော်တော်ယာဉ်များသည်ဟုပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၉ အပိုဒ်ခွဲ (ဂ) ကိုရာသီဥတုဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေမြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ်အမြန်နှုန်းထက်ပိုမမောင်းရဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၁) အခန်း (၆) အပိုဒ် ၁၁ ရှိပြည်ထောင်စုနယ်မြေကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည် စကားရပ်ကို သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟုပြင်ဆင်ပါသည်။

(၄၂) အခန်း (၈) အပိုဒ် ၁၄၊ အပိုဒ် ၁၆ နှင့် အပိုဒ် ၁၇ တို့ရှိမပြုလုပ်ရ စကားရပ်ကို မပြုရဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၁၅ ရှိတမင်မပြုလုပ်ရစကားရပ်ကိုမပြုရဟုပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၁၇ အပိုဒ်ခွဲ (က) ရှိလုပ်ငန်းခွင်ကိုစကားရပ်အား လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဟုပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၁၈၊ အပိုဒ် ၁၉ ၊အပိုဒ် ၂၄ ၊အပိုဒ် ၂၅ နှင့် အပိုဒ် ၂၇ တို့ကိုပယ်ဖျက်ပါသည်။

(၄၆) အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ပါသည် -

၂၂။ မည်သူမဆိုဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် တစ်ခုခုပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဆန့်ကျင်လျှင် ထိုပြစ်မှုအတွက်သီးခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားပါက ထိုသူကို သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်သုံးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

(၄၇) အပိုဒ် ၂၆ ကိုအပိုဒ် ၂၃ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းစကားရပ်နောက်တွင် ပုဂ္ဂလိကအဖွဲ့အစည်းစကားရပ်ကို ဖြည့်စွက်ပါသည်။

(၄၈) အပိုဒ် ၂၈ ကိုအပိုဒ် ၂၄ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ကိုဤဥပဒေပုဒ်မ ၁၈၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ ပါ ပြစ်မှုများကိုရဲအရေးပိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၉) အပိုဒ် ၂၉ ကိုအပိုဒ် ၂၅ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိမဖြစ်ပွားစေရေးအတွက် စကားရပ်နောက်တွင် အသိပညာပေးရေးစကားရပ်ကိုဖြည့်စွက်ပါသည်။

(၅၀) အပိုဒ် ၃၀ ကိုအပိုဒ် ၂၆ အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသည် အမြန်လမ်းမကြီးများနှင့်စပ်လျဉ်း၍ အမြန်လမ်းမကြီးအုပ်ချုပ်မှု ကော်မတီကိုတာဝန်ခံရမည်ဟုပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၃၁ကို အပိုဒ် ၂၇အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ကို ဤဥပဒေအရ အမြန်လမ်းမကြီး လုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာခန့်အပ်သည့် သို့မဟုတ် တာဝန်ပေးအပ်ထား သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ သည်အမြန်လမ်းမကြီးဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဟုမှတ်ယူရမည်ဟုပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ အမြန်လမ်းမကြီးဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော အမြန်လမ်းမကြီးဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမြန်လမ်းမကြီးဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၂၄-၂-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်

အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၁၀-၂-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိတိကျကျရေးသားဖော်ပြ၍ ၁၆-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကြမ်းကို ပြင်ဆင်သည့် အက်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူမှာ ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေး အက်ဥပဒေကြမ်းကို ပြင်ဆင်သည့်အက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၀၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**